(မင်းဗထူး)

# ယှဉ်ပြိုင်နိုင်စွမ်းရှိသင့်ပြီ

**နိဒါန်း**

၂၁ ရာစုအတွင်းသို့ ကျွန်ုပ်တို့ဝင်ရောက်ခဲ့သည်မှာ(၁၀)နှစ်ပင် စွန်းခဲ့ပြီဖြစ်ပါသည်။ နေရာအနှံ့တွင် ကမ္ဘာတစ်ဝန်းလွှမ်းခြုံဖြစ်ပေါ်မှု(Globalization)၏ ရိုက်ချက်များသည် အင်အားကြီးမားပြင်းထန်လှသည်ကို အသဲတထိတ်ထိတ်၊ရင်တဖိုဖိုဖြင့်ကိုယ်တိုင်မြင်တွေ့ခံစားနေကြရပြီဖြစ်ပါသည်။ စိန်ခေါ်မှုများသည်လူ့အဖွဲ့အစည်းတိုင်းတွင်ဖြစ်ပေါ်နေပြီး ယင်းစိန်ခေါ်မှုတိုင်း၌ အားစမ်းသော ယှဉ်ပြိုင်ပွဲတစ်ခုစီ ပါဝင်နေပါသည်။ ထိုယှဉ်ပြိုင်ပွဲများသည် လူတစ်ယောက်စီ(သို့မဟုတ်)လူ့အဖွဲ့အစည်းတစ်ခုစီ၌ အရည်အချင်းမည်မျှ ရှိသည်ကိုဖော်ထုတ်ပေးမည့်အပြင် ၎င်းတို့၏အလားအလာများကို လိုချင်သောလမ်းကြောင်းပေါ်သို့ ရောက်အောင် လည်းတွန်းတင်ပေးမည်ဖြစ်သည်။ဤနည်းဖြင့်ကမ္ဘာကြီးတစ်ခုလုံးသည် ယှဉ်ပြိုင်မှု၏အကျိုးကျေးဇူးများကို ခံစားလျက်ပိုမိုကြီးပွား တိုးတက်လာစေမည်ဟုအဆိုရှိပါသည်။ ယှဉ်ပြိုင်မှုဖြင့် တိုးတက်စေရမည်ဟူသော အယူအဆသည်အပြုသဘောအယူအဆဖြစ်သော်လည်း ကမ္ဘာတစ်ဝန်းလွှမ်းခြုံဖြစ်ပေါ်မှု သဘောတရားအရ လူ့အဖွဲ့အစည်းတိုင်းသည် ပြိုင်ချင်လည်းပြိုင်၊ မပြိုင်ချင်လည်းပြိုင်ရတော့မည့်အခြေအနေပင်ဖြစ်ပါသည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီလ အာဆီယံထိပ်သီးအစည်းအဝေးတွင် ၂၀၁၅ အာဆီယံအသိုက်အဝန်း ထူထောင်ရေးရည်မှန်းချက်ကိုချမှတ်ခဲ့ပါသည်။ ဒေသအတွင်းပိုမိုပေါင်းစည်းမှုသည်အဖွဲ့ဝင်နိုင်ငံများအတွင်း ဖွံ့ဖြိုးတိုးတက်မှုကွာခြားချက်ကိုကျဉ်းမြောင်းသွားစေမည့်အပြင် ထုတ်လုပ်နိုင်စွမ်း(Productivity)၊ယှဉ်ပြိုင်နိုင်စွမ်း(competitiveness)နှင့်လူတစ်ဦးချင်း၏အလားအလာကိုအမြင့်မားဆုံးတိုးတက်စေရမည်ဟုတညီတညွတ် တည်းရှုမြင်ထားကြပါသည်။ တစ်ချိန်တည်းမှာပင်လျှင် အာဆီယံ၏ ကြီးမားသောဈေးကွက်ကြီးမှ အကျိုးကျေးဇူးများကိုလည်း ခွဲဝေခံစားကြရမည်ဟုဆိုပါသည်။ စင်စစ် အာဆီယံပေါင်းစည်းမှု လုပ်ငန်းစဉ်တွင် အဖွဲ့ဝင်နိုင်ငံများ၏ထုတ်လုပ်နိုင်စွမ်းပေါင်းစည်းခြင်းကသာ အဓိကကျပါသည်။ ထိုထုတ်လုပ်နိုင်စွမ်းသည် အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားစီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်းအပေါ်တွင် တည်ပါသည်။ ထို့ကြောင့်ကျွန်ုပ်တို့သည် ယခုအခါ အာဆီယံယှဉ်ပြိုင်ကွင်းကြီးအတွင်း ရောက်ရှိနေကြပြီး၊ ကျွန်ုပ်တို့၏ ယှဉ်ပြိုင်နိုင်စွမ်းကို ထုတ်ဖော်ပြသရမည့် အချိန်ရောက်နေပြီဖြစ်ကြောင်း သတိပြုရန်လိုပါသည်။

**ယှဉ်ပြိုင်နိုင်စွမ်း(Competitiveness) ဆိုတာဘာလဲ**

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းအဆင့်၊ အမျိုးသားစီးပွားရေးအဆင့်နှင့် ဒေသကြီးအဆင့်ဟူ၍ (၃)ပိုင်း ခွဲခြားဖော်ပြမှသာပြည့်စုံမည်ဖြစ်ပါသည်။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းအဆင့်တွင်လုပ်ငန်းဌာနတစ်ခုသည် အသစ်တီထွင်မှုနှင့်ရေရှည်တည်တံ့ ခိုင်မြဲမှုအတွက်ရုပ်ဝတ္ထုပစ္စည်းကိရိယာအရင်းနှင့်လူသားအရင်းအမြစ်အပေါ် ရင်းနှီးမြှုပ်နှံမှုများကိုဆက်လက် ပြုလုပ်နိုင်စွမ်းရှိနေပြီး မိမိ၏ထုတ်ကုန်ပစ္စည်းများ/ဝန်ဆောင်မှုများကိုလည်း ဈေးကွက်တွင် အမြတ်အစွန်း ရရှိအောင်ရောင်းချနေနိုင်ပါက ၎င်းလုပ်ငန်းဌာနသည် ယှဉ်ပြိုင်နိုင်စွမ်းရှိသည်ဟု ဆိုပါသည်။ ၎င်း၏ ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်းကို အရည်အချင်းရှိသော လုပ်သားများစုဆောင်းထားနိုင်မှု၊ထိုလုပ်သားများကိုလိုအပ် သောစက်ပစ္စည်းကိရိယာနှင့် ကျွမ်းကျင်မှုများတပ်ဆင်ပေးခြင်းဖြင့် သာလွန်ကောင်းမွန်သော ကုန်ပစ္စည်း/ ဝန်ဆောင်မှုကိုထုတ်လုပ်နိုင်မှုနှင့်ထိုကုန်ပစ္စည်း/ဝန်ဆောင်မှုများက သင့်တင့်သောတန်ဖိုးဖြင့် ဈေးကွက်ဝင် ပြီး အမြတ်အစွန်းရရှိစေမှုတို့က အဆုံးအဖြတ်ပေးပါသည်။

အမျိုးသားစီးပွားရေးအဆင့်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်းကို အောက်ပါအဓိကကျသော အချက်များ အပေါ်အဝင်အကြောင်းတရားများစွာကအဆုံးအဖြတ်ပေးပါသည်–

(က) တည်ရှိပြီးဖြစ်သော ဥပဒေ၊ဓလေ့ထုံတမ်းများ(institution)နှင့် စီးပွားရေးအခြေခံ အဆောက်အအုံများ (infrastructure) တို့၏အမျိုးအစားများ၊

(ခ ) လူထုကျန်းမာရေးအဆင့်အတန်း ၊ ပညာရေးနှင့်လုပ်သားထု၏ ကျွမ်းကျင်မှုအဆင့်အတန်း၊

(ဂ ) မက်ခရိုစီးပွားရေးစွမ်းဆောင်ရည်နှင့် အလုပ်အကိုင်ဈေးကွက်အခြေအနေ၊

(ဃ) စီးပွားရေးလုပ်ငန်းများ၏ ဆန်းကျယ်မှုနှင့် အသစ်တီထွင်မှုများ၊

(င ) နည်းပညာအသစ်များကို ခံယူကျင့်သုံးနိုင်စွမ်းရှိသည့် လုပ်သားများနှင့်လုပ်ငန်းဌာနများ၊

အထက်ပါအချက်များသည်တစ်ချက်ခြင်းအနေဖြင့်ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်း/မရှိခြင်းကို မဆုံးဖြတ်နိုင်သော်လည်း အချက်အားလုံးပေါင်းလိုက်လျှင် ယှဉ်ပြိုင်နိုင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေသို့ရောက်ရှိစေနိုင်ပါသည်။ အမျိုးသားယှဉ်ပြိုင်နိုင်စွမ်း (National Competitiveness) ကိုဆန်းစစ်ကြည့်မည်ဆိုလျှင်အထက်ပါအချက်(၅)ချက်အပြင် ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်နိုင်စွမ်း၊စီးပွားရေးတိုးတက်မှုညွှန်းကိန်းနှင့်လူနေမှုအဆင့်အတန်း ရေရှည်တိုးတက်အောင် ထိန်းသိမ်းနိုင်စွမ်း စသည့်လက်တွေ့ ရလဒ်များနှင့်အတူပေါင်းစပ်၍လေ့လာသုံးသပ်ရမည်ဖြစ်ပါသည်။

နိုင်ငံပေါင်းစုဒေသကြီးအဆင့်ယှဉ်ပြိုင်နိုင်စွမ်းသည်မြင့်မားသောယှဉ်ပြိုင်နိုင်စွမ်းအမျိုးအစားဖြစ်ပြီး ဘုံဈေးကွက်နှင့် ထုတ်လုပ်မှုအခြေချ စခန်းကြီးတို့ကို ဖန်တီးခြင်းဖြစ်ပါသည်။ ဥရောပ ကော်မရှင်မှ အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် "ဒေသကြီးအဆင့်ယှဉ်ပြိုင်နိုင်စွမ်းဆိုသည်မှာ ပြင်ပယှဉ်ပြိုင်မှုများနှင့်ရင်ဆိုင်နေရစဉ်အတွင်းမှာပင်အထိုက်အလျောက်မြင့်မားသော ဝင်ငွေနှင့်အလုပ်အကိုင်အဆင့်အတန်းကိုထုတ်လုပ်ပေးနိုင်သောဒေသကြီး၏စွမ်းရည်"ဟုဖော်ပြထားပါသည်။ ဆိုလိုသည်မှာဒေသကြီးတစ်ခုသည်ယှဉ်ပြိုင်နိုင်စွမ်းရှိရန်အလုပ်အကိုင်များ၏ အမျိုးအစား နှင့်အရေအတွက်ကို အာမခံနိုင်ရန် အရေးကြီးပုံကို ဖော်ညွှန်းပါသည်။ တစ်နည်းအားဖြင့်အလုပ်အကိုင်ဈေးကွက်က ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်းကို ပုံဖော်ပေးသည်ဟုဆိုလိုရာရောက်ပါသည်။

အာဆီယံအနေနှင့် တွက်မည်ဆိုလျှင်ဒေသကြီးအဆင့် ယှဉ်ပြိုင်နိုင်စွမ်းသည် ပေါင်းစုထားသော စီးပွားရေးစွမ်းဆောင်ရည်၊ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်သော စွမ်းရည်နှင့် ကျွမ်းကျင်လုပ်သားများ အလုံအလောက်ရရှိနေခြင်းအပေါ်တွင်အခြေခံပါသည်။ ယခုအခါ ဒေသကြီးအဆင့်ယှဉ်ပြိုင်နိုင်စွမ်းရရှိလာစေရန် အာဆီယံသည် ဒေသတွင်းကုန်သွယ်မှု၊ရင်းနှီးမြှုပ်နှံမှု အရင်းနှင့်လုပ်အားတို့၏ စီးဆင်းမှုကို မြှင့်တင်ခြင်းဖြင့် စီးပွားရေးပေါင်းစပ်မှုရရှိအောင် ဆောင်ရွက်နေသည်ကိုလည်းမျက်မြင်တွေ့ရှိနေကြရပါသည်။

**ထုတ်လုပ်နိုင်စွမ်းနှင့်ယှဉ်ပြိုင်နိုင်စွမ်းဆက်စပ်မှု**

ထုတ်လုပ်နိုင်စွမ်း(Productivity) ကို အကြမ်းအားဖြင့် သွင်းအားစုများ (inputs) ဖြစ်သော လုပ်အား၊ အရင်း၊မြေ၊စွမ်းအင်၊အခြေခံအဆောက်အအုံနှင့်စီမံခန့်ခွဲမှုစွမ်းရည်တို့မှ ကုန်ပစ္စည်း/ဝန်ဆောင်မှုတို့ကို ထုတ်လုပ်ရာတွင် သာရည်ရှိမှု(efficiency) ပမာဏဖြင့် တိုင်းတာပါသည်။ ထုတ်လုပ်နိုင်စွမ်း တိုးတက်ခြင်းသည် လုပ်ငန်းဌာနများအတွက်လည်းကောင်း၊ အမျိုးသားစီးပွားရေးအတွက်လည်းကောင်း သေရေးရှင်ရေးတမျှ အရေးကြီးပါသည်။ ထုတ်လုပ်နိုင်စွမ်းကောင်းစေရန်အတွက် အခြေခံအဆောက်အအုံများကိုပိုမို ကောင်းမွန်စေရန်၊ လုပ်သားထု၏ ပညာရေးနှင့်ကျွမ်းကျင်မှုကို တိုးတက်စေရန် ၊ နည်းပညာနှင့် တီထွင်မှုစွမ်းရည်

ကောင်းမွန်စေရန်၊ အလုပ်သမားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကောင်းမွန်စေရန်နှင့် စီးပွားရေးလုပ်ငန်းခွင် အလေ့အထကောင်းများလက်ခံကျင့်သုံးရန်တို့လိုအပ်ပါသည်။ သို့ဖြစ်၍ ထုတ်လုပ်နိုင်စွမ်းရှိခြင်းနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်းတို့သည်အသေးစိတ်သဘောအားဖြင့်ဆက်စပ်နေသောအယူအဆများဖြစ်ကြပါသည်။

စီးပွားရေးလုပ်ငန်းဌာနတစ်ခုတွင် အရင်း၊ အခြေခံ အဆောက်အအုံ အစရှိသော သွင်းအားစုများကို မပြောင်းလဲဘဲရှိနေသည့်တိုင်အောင်၊ လုပ်အားထုတ်လုပ်နိုင်စွမ်း (Labour Productivity) တိုးတက်လာအောင်လုပ်နိုင်မည်ဆိုလျှင် ထိုလုပ်ငန်းသည် အမြတ်အစွန်း ပိုမိုရရှိမည်ဖြစ်ပါသည်။ လုပ်အား ထုတ်လုပ်နိုင်စွမ်းကို အလုပ်သမားတစ်ဦးချင်းထုတ်လုပ်နိုင်မှုပမာဏ(output per worker)နှင့် ရည်ညွှန်းဖော်ပြလေ့ရှိပါသည်။ သို့ဖြစ်၍လုပ်အားထုတ်လုပ်နိုင်စွမ်းသည် တိုင်းပြည်အတွင်းမှာရှိသောလုပ်သားတစ်ရပ်လုံး သာရည် မည်မျှရှိသည်ကို တိုင်းတာနိုင်သည့် သော့ချက်အတိုင်းအတာ အဖြစ်အသုံးပြုနိုင်ပါသည်။ ထို့အပြင်တိုင်းပြည်တစ်ပြည်၏ လုပ်အားထုတ်လုပ်နိုင်စွမ်းသည်ရေရှည်ကာလတွင် ထိုတိုင်းပြည်သည်စီးပွားရေးတိုးတက်မှုနှင့် လူနေမှုအဆင့်အတန်း တိုးတက်မှုတို့ကိုထိန်းသိမ်းထားနိုင်စွမ်းရှိ/မရှိကို အဆုံးအဖြတ်ပေးနိုင်သော အချက်လည်းဖြစ်ပါသည်။လုပ်အားထုတ်လုပ်နိုင်စွမ်းမြင့်မားလျှင် တိုင်းပြည်၏စီးပွားရေးတိုးတက်မှုအဆင့်အတန်းလည်းမြင့်မားမည်ဖြစ်ပါသည်။

၂၀၀၇ ခုနှစ် တစ်နှစ်တည်း၏ အလုပ်သမားတစ်ဦးချင်း ထုတ်လုပ်နိုင်မှုပမာဏ၊ ကြိုတင်ခန့်မှန်းခြေကိန်းဂဏန်းများကိုလေ့လာလျှင် ကမ္ဘောဒီယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (CLMV)နိုင်ငံများသည် အမေရိကန်ဒေါ်လာ ၅၅၀၀ အောက်တွင်ရှိနေပြီး ၊ မလေးရှားသည် အမေရိကန်ဒေါ်၂၅၀၄၅ ၊ စင်္ကာပူသည် အမေရိကန် ဒေါ်လာ ၄၆၄၉၄ ဖိုးထုတ်လုပ်နိုင်စွမ်းရှိနေကြသည်ကို တွေ့ရပါသည်။ အာဆီယံတစ်ခုလုံးအနေဖြင့်ခြုံကြည့်လျှင် အလုပ်သမားတစ်ဦးချင်း ထုတ်လုပ်မှုပမာဏမှာ ဒေါ်လာ ၁၀၀၀၀ ဖိုးခန့်ပျှမ်းမျှရှိပါသည်။ အိန္ဒိယသည် ၇၀၀၃ ဒေါ်လာ ၊ တရုတ်သည် ၁၂၁၀၁ ဒေါ်လာဖိုးထုတ်လုပ်နိုင်သောကြောင့် အာဆီယံ၏ လုပ်အားထုတ်လုပ်နိုင်မှုမှာ အိန္ဒိယနှင့်တရုတ်အကြားတွင် ရှိပါသည်။ သို့ဖြစ်၍ ရေရှည်ကာလအတွက် စီးပွားရေးတိုးတက်မှု အလားအလာမှာ တရုတ်သည် အာဆီယံကို ဖြတ်ကျော်တက်သွားခဲ့ပြီဖြစ်ပါသည်။ တဖန်အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်းမှာပင်လျှင် အလုပ်သမားတစ်ဦးချင်း ထုတ်လုပ်မှုမှာအနိမ့်ဆုံးနိုင်ငံနှင့် အမြင့်ဆုံးနိုင်ငံတို့သည်(၁၀)ဆမက ကွာခြားနေသည်ကို လည်းတွေ့ရှိနေရပါသည်။ ဤအချက်များက အာဆီယံအဖွဲ့ဝင်စီးပွားရေး အင်အားနည်းသော နိုင်ငံများသည်လုပ်အား ထုတ်လုပ်နိုင်စွမ်းသာမကယှဉ်ပြိုင်နိုင်စွမ်းပါအကြီးအကျယ် နောက်ကျကျန်နေကြောင်းဖော်ပြနေကြပါသည်။ အာဆီယံပြိုင်ပွဲကွင်းကြီးအတွင်းနောက်ကျကျန်ခဲ့သူများကို ဖေးမခေါ်ယူရန် အခြားသူများက စောင့်နေကြမည်တော့မဟုတ်ပါ။လမ်းကြောင်းပြပြီးပြေးနှင့်ကြပြီဖြစ်သည်။ ကျွန်ုပ်တို့သည် စိတ်ပျက်တွေဝေနေရန်အချိန်မရှိပါ။ထိုသူတို့၏နမူနာကောင်းများကို ရယူ၍ အမီလိုက်ကြရန်မှတပါးအခြားမရှိပါ။

**တိုးပွားလာသောစိန်ခေါ်မှုများ**

ယနေ့အာဆီယံရင်ဆိုင်နေရသော အကြီးမားဆုံးစိန်ခေါ်မှုမှာ ကမ္ဘာ့ ဘဏ္ဍာရေးအကြပ်အတည်းနှင့် ဒေသစီးပွားရေးတိုးတက်နှုန်းကျဆင်းနေခြင်းပင်ဖြစ်သည်။ လုပ်အားထုတ်လုပ်နိုင်စွမ်းကို အရှိန်အဟုန်ဖြင့်တိုးတက်စေရေးသည် ကမ္ဘာ့စီးပွားရေးကျဆင်းမှုကို အနည်းဆုံးဖြစ်စေမည့် အပြင်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ပေးနိုင်ပါသည်။

လုပ်အားထုတ်လုပ်နိုင်စွမ်းတိုးတက်လာရေးအတွက်မူဝါဒချမှတ်သူများသည် ရေရှည်အကျိုးကျေးဇူးဖြစ်ထွန်းစေမည့် နေရာများ၌ နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံမှု ပိုမိုပြုလုပ်လာရန် အာရုံစူးစိုက်လုပ်ဆောင်ရမည်ဖြစ်သည်။ဥပမာ ကျောင်းများ၏အရည်အသွေးတိုးတက်လာစေရန်၊ မူလတန်းနှင့် အလယ်တန်းပညာရေးကိုဆုံးခန်းတိုင်သင်ကြားနိုင်ရန်နှင့်အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများမှတဆင့် ကျွမ်းကျင်လုပ်သားများအချိုးအစားပြည့်ပြည့်ဝဝမွေးထုတ်ပေးရန် (မူလတန်းပညာရေးအဆင့်ဖြင့်လုပ်ငန်းခွင်ဝင်လျှင်ကျွမ်းကျင်လုပ်သားဖြစ်လာရန်ခဲယဉ်းပါသည်။) မန်နေဂျာနှင့်ထိပ်ပိုင်းပညာတတ်များကို အရည်အချင်းမှီတက္ကသိုလ်များနိုင်ငံတကာအဆင့်မှီ မွေးထုတ်ရန်၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျော့ကျပြီး အလေအလွင့်နည်းစေမည့်အခြေခံအဆောက်အအုံတည်ထောင်ပေးရန်၊ မက်ခရိုစီးပွားရေးကို အားကောင်းတည်ငြိမ်စေရန်၊ ကောင်းမွန်သော အုပ်ချုပ်ပုံစနစ်(good governance) တည်ထောင်ရန်၊ ပုဂ္ဂလိကစီးပွားရေးကို အကာအကွယ်ပေးခြင်းဖြင့်ပြည်ပရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန်၊၎င်းရင်းနှီးမြှုပ်နှံမှုများဖြင့်နည်းပညာနှင့်ပစ္စည်းကိရိယာအသစ်များအသုံးပြု၍ ထုတ်လုပ်မှုပမာဏမြင့်မားလာစေရန် စသည်တို့ လုပ်ဆောင်သွားသင့်ပါသည်။

ထို့အပြင် လုပ်ငန်းဌာနများတွင် အလုပ်သမားများ၏ အခွင့်အရေးကို အပြည့်အဝခံစားစေလျက် အလုပ်သမားများ၏ သာရည်(efficiency) ကို တိုးတက်အောင် ရေးရှုလုပ်ကိုင်သင့်ပါသည်။ တိုးတက်သောကျင့်ဝတ်များလုပ်ငန်းခွင်သို့ ပြည့်ပြည့်ဝဝရောက်ရှိသွားပြီဆိုလျှင်စုပေါင်းညီညာသောရလဒ်(Synergy)သည် အလုပ်ရှင်၊အလုပ်သမားအကြား၌ဘွားဘွားပေါ်ပေါက်လာပြီး ထုတ်လုပ်နိုင်စွမ်းကို အတော်များများမြင့်တင်ပေးနိုင်ပါလိမ့်မည်။ ဖွံ့ဖြိုးတိုးတက်နေသော စီးပွားရေးလုပ်ငန်းတစ်ခုတွင် လုပ်ငန်းခွင်လေ့ကျင့်ရေးသည်လည်းအလွန်အရေးကြီးပါသည်။ဆန်းကျယ်သောကုန်ထုတ်လုပ်မှု အစီအစဉ်နှင့်ဆန်းသစ်တီထွင် ထားသောပစ္စည်းကိရိယာများအတွက် အံ့ဝင်ဂွင်ကျသော ကျွမ်းကျင်လုပ်သားများသည် အမြဲတမ်း အသင့်ရှိလိမ့်မည်မဟုတ်ပါ။ထိုသူများ ကိုလုပ်ငန်းခွင်သင်တန်းများမှ အဆက်မပြတ်မွေးထုတ်ပေးရန် သက်ဆိုင်ရာလုပ်ငန်းဌာနများက အဓိကတာဝန်ယူ ကြရပါသည်။

ကုန်စျေးနှုန်းမတည်ငြိမ်မှု၊ ငွေကြေးဖောင်းပွမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ(ရာသီဥတုဖောက်ပြန်မှုအပါအဝင်)ကလည်း စိန်ခေါ်မှုများအနေဖြင့်ဒေသအတွင်းရှိနေကြပါသည်။မည်သည့်အချက်ကပို၍အဓိကကျသည်ဟုပုံသေမဆိုနိုင်သော်လည်း နေရာဒေသအလိုက် ဖြေရှင်းရမည့် ပြဿနာများပင် ဖြစ်ပါသည်။မည်သို့ပင်ဖြစ်စေကျွန်ုပ်တို့သည် ဟန်ချက်ညီသောတိုးတက်မှုများရရှိအောင် အစဉ်တစိုက် အားထုတ်နေကြရမည်ဖြစ်ပါသည်။ ထိုဟန်ချက်ညီသောတိုးတက်မှု(balanced growth)ဆိုသည်မှာ အလုပ်အကိုင်တိုးတက်မှု၊ ထုတ်လုပ်နိုင်စွမ်းတိုးတက်မှု၊ လူနေမှုအဆင့်အတန်းတိုးတက်မှု နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းနိုင်စွမ်းတိုးတက်မှုတို့ကို ဆိုလိုခြင်းပင်ဖြစ်ပါသည်။

**နိဂုံး**

ကျွန်ုပ်တို့လူ့အဖွဲ့အစည်း၏ ရှင်သန်နိုင်စွမ်းသည်ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်းအပေါ်တွင်တည်နေကြောင်း တွေ့ခဲ့ရပြီဖြစ်ပါသည်။ယှဉ်ပြိုင်ခြင်းမှအပ အခြားရွေးချယ်စရာ လမ်းလည်းမရှိပြီ၊ သို့ဖြစ်၍ ကျွန်ုပ်တို့သည် အဖွဲ့အစည်းအားလုံးကို ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် မောင်းတင်ကြရတော့မည်ဖြစ်ပါသည်။

ထုတ်လုပ်နိုင်စွမ်း ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူနေမှုအဆင့်တို့ကို တိုးမြှင့်လာစေရန်အတွက် အရေးအကြီးဆုံးမှာ ပညာရေးနှင့် ကျွမ်းကျင်မှုပင်ဖြစ်ပါသည်။ ယနေ့နိုင်ငံ့စီးပွားရေးက တောင်းဆိုနေသော အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားကောင်းမွန်သည့် အရည်အချင်းမြင့်မားသော လုပ်သားထုသည်

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အမျိုးသားယှဉ်ပြိုင်နိုင်စွမ်းကို သိသိသာသာမြင့်မားလာအောင်ထမ်းတင်နိုင်ပါလိမ့်မည်။ ထို့အပြင် ကောင်းစွာလေ့ကျင့်ထားသောလုပ်သားထုသည်သာလျှင် နည်းပညာတိုးတက်ပြောင်းလဲနေပြီးစီးပွားရေးလုပ်ငန်းကျင့်စဉ်အသစ်များ ပေါ်ထွန်းနေသော လုပ်ငန်းခွင်များတွင် ထိထိရောက်ရောက်မြန်မြန်ဆန်ဆန် အလိုက်သင့်ပြောင်းလဲလုပ်ကိုင်နိုင်စွမ်းရှိကြပါလိမ့်မည်။ ယနေ့ကျွန်ုပ်တို့ ရင်ဆိုင်နေကြရသောကမ္ဘာ့ဘဏ္ဍာရေးအကြပ်အတည်း နှင့် ဈေးကွက်မတည်ငြိမ်မှု အခြေအနေများအောက်တွင် ပညာရေးနှင့်လေ့ကျင့်ရေးမူဝါဒများသည် လုပ်သားထု၏ဖွံ့ဖြိုးတိုးတက်မှု အတွက်သော်လည်းကောင်း၊ ထုတ်လုပ်နိုင်စွမ်း တိုးပွားရေးအတွက်သော်လည်းကောင်း ပို၍ပင်အရေးကြီးလာပါကြောင်းဖော်ပြအပ်ပါသည်။